# စစ်နိုင်မော်ကွန်း(၃)ခေါင်စစ်တမ်းနှင့်အဖွင့်ကျမ်း

## ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မရီရီခင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

စစ်နိုင်မော်ကွန်း ၃ စောင် စစ်တမ်းနှင့် အဖွင့်ကျမ်းသည် လက်ဝဲနော်ရထာ၏ 'ယိုးဒယားနိုင်မော်ကွန်း'၊ ဒုတိယနဝဒေး၏ 'ရခိုင်နိုင်မော်ကွန်း'နှင့် အာသံနိုင်မော်ကွန်းတို့ကို လေ့လာသည့်ကျမ်း ဖြစ်သည်။ ကျမ်းပြုစုရခြင်းရည်ရွယ်ချက်မှာ (၁) ပုံမနှိပ်ရသေးသော မော်ကွန်းနှင့် ပုံနှိပ်ပြီးမော်ကွန်းတို့ကို ပြန်လည်တည်းဖြတ်၍ 'မူသန့်'အဖြစ်ထားရှိလိုခြင်း၊ (၂) မော်ကွန်းများတွင်ပါဝင်သော အများသူငှာ မသိနိုင်သည့်ဝေါဟာရများ၊ အနက်အဓိပ္ပာယ်ငုပ်နေ၊ မြုပ်နေသည့် စာသားများ၏အနက်ကို ရှာဖွေလိုခြင်း၊ (၃) စစ်နိုင်မော်ကွန်းတို့၏သဘာဝကို သိလိုခြင်းတို့ဖြစ်သည်။

စစ်နိုင်မော်ကွန်းများတွင် စစ်ရေးဆောင်ရွက်ချက်သည် အများစုပါဝင်ပြီး သာသနာရေး၊ အုပ်ချုပ်ရေးဆောင်ရွက်ချက်များက အနည်းစုပါဝင်နေသည်။ ဤကျမ်းတွင် စစ်ရေးဆောင်ရွက်ချက်ကို စာပေအမြင်နှင့် လေ့လာတင်ပြထားသည်။ စစ်နိုင်မော်ကွန်း ၃ စောင်ကို လေ့လာကြည့်သောအခါ မြန်မာနိုင်ငံ၏ပြည်ပနှင့် ပြည်တွင်းသို့စစ်ချီသည့် အကြောင်းများဖြစ်သည်ကို တွေ့ရသည်။ စစ်ချီသည့်အကြောင်းရင်းသည် အရေးကြီးသည်။ အကြောင်းပြချက် ခိုင်လုံမှသာ အခြားဒေသသို့ စစ်ချီခြင်းသည် မှန်ကန်သည်၊ တရားမျှတသည်ဟု မြင်ကြပေမည်။ ဤသို့မြင်မှသာ နိုင်ငံ၊ လူမျိုးနှင့် ဘုရင်၏ဂုဏ်ကို ထိန်းသိမ်း ကာကွယ်ရာရောက်သည်။ လက်အောက်ခံမင်းနှင့် ပြည်သူတို့က ဘုရင်ကို ကြည်ညိုလေးစားလာကြပေမည်။ ထို့ကြောင့် စစ်နိုင်မော်ကွန်းများတွင် စစ်ချီသည့်အကြောင်းရင်းကို ဖော်ပြမှုသည် အရေးကြီးသည့်အချက်ဖြစ်သည်ကို တွေ့ရသည်။

စစ်နိုင်မော်ကွန်း ၃ စောင်၌ ထူးခြားချက်များရှိသည်။ ယိုးဒယားနိုင်မော်ကွန်းသည် မြန်မာတို့က ယိုးဒယားကိုသိမ်းနိုင်ခြင်း၏ အကြောင်းတရားများကို ထင်ရှားစွာဖော်ပြနိုင်သည်။ စာဆို၏ ဘဝအတွေ့အကြုံနှင့် စာစလေ့တို့က မော်ကွန်းကို အထောက်အပံ့ပြုနေသည်။ ရခိုင်နိုင်မော်ကွန်းသည် အတိတ်မှတ်တမ်းဖြစ်ပြီး ဘုရင်ကစေခိုင်း၍ ရေးရသည့်မော်ကွန်းဖြစ်သည်။ နန်းသက်နုသေးသော ဘကြီးတော်ရင်ဆိုင်နေရသည့် အုပ်ချုပ်ရေး၊ စစ်ရေးအခြေအနေများနှင့် ဆက်နွှယ်မှုရှိသည်။ ဒုတိယနဝဒေးသည် ဤမော်ကွန်းကို သမိုင်းမှတ်တမ်းအဖြစ်သာမက စည်းရုံးရေးကဗျာအဖြစ်ပါ ရေးဖွဲ့သည်ကို တွေ့ရသည်။ အာသံနိုင်မော်ကွန်းသည် အတိတ်နှင့်ပစ္စုပ္ပန်ပေါင်းစပ်နေသည့် မှတ်တမ်းဖြစ်သည်။ မော်ကွန်းရေးချိန်၌ အနောက်နှင့် အနောက်မြောက်ဒေသအရေးများနှင့် ဘကြီးတော်ဘုရားရင်ဆိုင်နေရသည်။ စာဆိုက အာသံမင်းနှင့် ပြည်သူတို့အပေါ် မြန်မာမင်း၏ ကျေးဇူးတရားရှိနေသည်၊ အာသံသည် မြန်မာမင်း၏လက်အောက်ခံသာ ဖြစ်သည်ဟူသော အချက် ပေါ်လွင်အောင် ရေးထားသည်ကိုတွေ့ရသည်။

ထို့ကြောင့် စစ်နိုင်မော်ကွန်း ၃ စောင်သည် နိုင်ငံနှင့်လူမျိုးဂုဏ်ကိုဆောင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးတည်သည့်၊ မြန်မာစာပေ၊ မြန်မာ့သမိုင်းကိုအကျိုးပြုသည့် မော်ကွန်းများ ဖြစ်ပါသည်။